# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

**ညွှန်ကြားချက်အမှတ်၊ ၅ /၂၀၂၃**

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

ရက်စွဲ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက်

အကြောင်းအရာ။ **ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်မှူးများ လိုက်နာရမည့် စည်းကမ်းချက်များအား ထုတ်ပြန်ခြင်း**

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တရားမဝင်ငါးဖမ်းဆီးခြင်း လုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်၊ ငါးသယံဇာတပြန်းတီးမှုကာကွယ်ရန်နှင့် ငါးလုပ်ငန်းများစနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြစေရန်အတွက် ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်များနှင့် ရေယာဉ်မှူးများလိုက်နာရမည့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်များသည် ငါးလုပ်ငန်းဦးစီးဌာနက အတည်ပြုသတ်မှတ်ထားသည့် Type Approval ရရှိထားသည့် ကုမ္ပဏီများနှင့် E-MTU/ Transponder (VMS ကိရိယာ) အမျိုးအစားများကိုသာ ဝယ်ယူတပ်ဆင်ရမည်။

၃။ E-MTU/ Transponder (VMS ကိရိယာ)အား ဝယ်ယူခြင်း၊ တပ်ဆင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ လစဉ်ကြည့်ရှုခများနှင့် အခြားကုန်ကျစရိတ်များအား ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်များက ကျခံရမည်။

၄။ E-MTU/ Transponder (VMS ကိရိယာ) တစ်ခုချင်းအတွက် Type Approval တွင် သတ်မှတ်ထားသည့်အတိုင်း အနည်းဆုံးတစ်နာရီလျှင် တစ်ကြိမ်နှုန်းဖြင့် လစဉ်ကြည့်ရှုခများကို စာချုပ်ဖြင့် ပေးချေရမည်။ ထိုစာချုပ်တွင် လစဉ်ကြည့်ရှုခအတွက် ရေယာဉ်ပိုင်ရှင်နှင့် ကုမ္ပဏီ (သို့မဟုတ်) ကုမ္ပဏီမှ တရားဝင်တာဝန်ပေးအပ်သူတို့က သဘောတူဆုံးဖြတ်ဆောင်ရွက်ရမည်။ ၎င်းစာချုပ်တွင် VMS ကုမ္ပဏီနှင့် ရေယာဉ်ပိုင်ရှင်တို့မှ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများနှင့်ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို ကျိုးကြောင်းဆီလျော်စွာဖြင့် ထည့်သွင်းချုပ်ဆိုရမည်။

၅။ ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်များသည်-

(က) မိမိတို့ပိုင်ဆိုင်သော ခရိုင်ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/ Transponder (VMS ကိရိယာ) ကို ဦးစီးဌာနကသတ်မှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း တပ်ဆင်ရမည်။

( ခ ) E-MTU/ Transponder (VMS ကိရိယာ) တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် ငါးသယ်လိုင်စင် သက်တမ်းတစ်ခုလုံးအတွက် ကြည့်ရှုခပေးဆောင်ပြီးဖြစ်ကြောင်း ဦးစီးဌာနသို့ အထောက်အထားတင်ပြရမည်။ ထိုအထောက်အထားများ တင်ပြနိုင်မှသာ ခရိုင် ငါးသယ်ရေယာဉ်လိုင်စင်နှင့် နိုင်ငံခြားငါးသယ်လိုင်စင်ကို ဦးစီးဌာနမှ ထုတ်ပေးမည် ဖြစ်သည်။

( ဂ ) ခရိုင်ငါးသယ်ရေယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် E-MTU/ Transponder (VMS ကိရိယာ)များနှင့် ဌာနကချိတ်ပိတ်ကပ်နှိပ်ထားသည့် VMS Seal များ ပျက်စီးမှုမရှိစေရေး အတွက် ရေယာဉ်မှူးနှင့် ရေလုပ်သားများအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်။

(ဃ) ခရိုင်ငါးသယ်ရေယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် E-MTU/ Transponder (VMS ကိရိယာ)နှင့် ဆက်သွယ်ရေးကိရိယာများအတွက် Ship Station လိုင်စင်သက်တမ်းအား လုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း သက်တမ်းကျော်လွန်ခြင်းမရှိစေရန် သတိပြုဆောင် ရွက်ရမည်။

( င ) ခရိုင်ငါးသယ်ရေယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် E-MTU/ Transponder (VMS ကိရိယာ)များမှ သတင်းအချက်အလက်များ ထုတ်လွှင့်နိုင်မှုမရှိခြင်းသည် လူ့ပယောဂ ကြောင့်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပါက ဦးစီးဌာနကသတ်မှတ်သည့် ပြစ်ဒဏ်နှင့် ဒဏ်ကြေးကို ပေးဆောင်ရမည်။

( စ ) ခရိုင်ငါးသယ်ရေယာဉ်သည် ဆိပ်ကမ်း၌ရပ်နားနေစဉ်ကာလအတွင်း E-MTU/ Transponder (VMS ကိရိယာ) ချို့ယွင်းခြင်းကြောင့် ပြင်ဆင်ရန်လိုအပ်ခြင်းနှင့် စက်အသစ်အစားထိုးလဲလှယ်ရန်လိုအပ်ခြင်းတို့ ပြုလုပ်ရန်လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် VMS ကုမ္ပဏီတို့၏ ထောက်ခံချက်၊ မှတ်တမ်းဓာတ်ပုံများနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)သို့ အချိန်ကာလကို တိကျစွာဖော်ပြ၍ သတင်းပေးပို့ရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ E-MTU/ Transponder (VMS ကိရိယာ)အား (၄) နာရီထက်ကျော်လွန်၍ ခွင့်ပြုထားသည့် ကာလအထိ အသုံးမပြုဘဲထားရှိနိုင်သည်၊ သတင်းပေးပို့ခြင်းမရှိပါက ဖြစ်ပေါ်လာသည့်ကိစ္စရပ်များ အတွက် သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်၏တာဝန်သာဖြစ်သည်။

(ဆ). ရေယာဉ်အကြီးစားပြင်ဆင်ခြင်း၊ အသေးစားပြင်ဆင်ခြင်း၊ ငါးဖမ်းရာသီတစ်နှစ်လုံး ရပ်နားခြင်း၊ သဘာဝဘေး/ မမျှော်မှန်းနိုင်သော ကိစ္စရပ်များကြောင့် ရေယာဉ်နစ်မြုပ် ပျက်စီး/ မီးလောင်ပျက်စီးခြင်းများအတွက် E-MTU/ Transponder (VMS ကိရိယာ) ယာယီဖြုတ်သိမ်းခွင့်လျှောက်လွှာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်မှတစ်ဆင့်

ရုံးချုပ်သို့တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သတ်မှတ်ခွင့်ပြုရက်အတိုင်း ဖြုတ်သိမ်းထား ခွင့်ပြုမည်ဖြစ်သည်။

( ဇ ) ယခုညွှန်ကြားချက်ပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိသည့် ရေယာဉ်များကို စည်းကမ်းပျက်ရေယာဉ်အဖြစ် အရေးယူဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်ပါက E-MTU/ Transponder (VMS ကိရိယာ) နှင့် ဆက်စပ်ပစ္စည်းများ၊ သက်ဆိုင်ရာသတင်းအချက် အလက်များအား တရားရုံးတွင်သက်သေခံအဖြစ် အပြည့်အစုံတင်သွင်းရမည်။

( ဈ )ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်သည် ရေယာဉ်မှူး၏ဆောင်ရွက်မှုများကို မိမိကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ တာဝန်ခံရမည်။

(ည) ကုမ္ပဏီများနှင့် ရေယာဉ်ပိုင်ရှင်များအကြား ဖြစ်ပေါ်လာသည့် ငွေကြေးနှင့် လုပ်ငန်း ကိစ္စအငြင်းပွားမှုများအား ၎င်းတို့နှစ်ဦးသဘောတူချုပ်ဆိုထားသည့် စာချုပ်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

၆။ ရေယာဉ်မှူးများသည်-

(က) စစ်ဆေးရေးစခန်းများ၌ ခရိုင်ငါးသယ်ရေယာဉ်တွင် တပ်ဆင်ထားသည့် E-MTU/ Transponder (VMS ကိရိယာ)မှ ရေယာဉ်၏ တည်နေရာသတင်းအချက်အလက် ပုံမှန်ပေးပို့ခြင်းရှိ/ မရှိကို သက်ဆိုင်ရာစစ်ဆေးရေးမှူး၏ စစ်ဆေးမှုခံယူပြီးမှသာ ပင်လယ်ပြင်သို့ ထွက်ခွာရမည်။

( ခ ) စစ်ဆေးရေးမှူးများက E-MTU/ Transponder (VMS ကိရိယာ)အား စစ်ဆေးလို သည့်အခါ အချိန်မရွေး /နေရာမရွေး စစ်ဆေးခံရမည်။

( ဂ ) ခရိုင်ငါးသယ်ရေယာဉ်များသည် မိမိတို့သွားရောက် ငါးကဲ့/ ငါးသယ်ယူမည့်နေရာ အတိ အကျအား ဆိပ်ကမ်းမှမထွက်ခွာမီ စစ်ဆေးရေးစခန်း (Check Point) တွင် သတင်းပို့ တင်ပြရမည်။

(ဃ) ခရိုင်ငါးသယ်ရေယာဉ်၏ တည်နေရာသတင်းအချက်အလက်အား ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တစ်နာရီလျှင်တစ်ကြိမ်နှုန်းဖြင့် တစ်ရက်လျှင် (၂၄) ကြိမ် သတင်းပေးပို့ရမည်။

( င ) ခရိုင်ငါးသယ်ရေယာဉ်တွင် တပ်ဆင်ထားသည့် E-MTU/ Transponder (VMS ကိရိယာ) အား ဌာန၏ခွင့်ပြုချက်မရရှိဘဲ ဖြုတ်ယူခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲတပ်ဆင်ခြင်း၊ ပြောင်းရွှေ့တပ်ဆင်ခြင်းများ လုံးဝမပြုလုပ်ရ။

( စ ) E-MTU/ Transponder (VMS ကိရိယာ)မှ (၄) နာရီအတွင်း အချက်ပြစနစ် ထုတ်လွှင့်ခြင်းမရှိလျှင် ဦးစီးဌာနနှင့် သက်ဆိုင်ရာကုမ္ပဏီသို့ သင့်ရာနည်းဖြင့် ချက်ချင်းသတင်းပို့ရမည်။

(ဆ) ရေယာဉ်မှူးသည် ခွင့်ပြုရေပြင်/ ငါးဖမ်းကွက်ကျော်လွန်နေခြင်း သတိပေးချက်ရရှိသည့်အခါ ရောက်ရှိနေသည့်နေရာမှ ချက်ချင်းထွက်ခွာခြင်း သို့မဟုတ် လုံလောက်သည့်အကြောင်းပြချက်အား သတ်မှတ်ထားသည့်နည်းလမ်း/ ပုံစံဖြင့် သတင်းပေးပို့၍ ဦးစီးဌာန၏ ခွင့်ပြုချက်ရယူခြင်းများကို ချက်ချင်းဆောင်ရွက်ရမည်။ ခရိုင်ငါးသယ်ရေယာဉ်များ၏ ရေပြင်သတ်မှတ်ချက်မှာ-

(၁) ထားဝယ်ခရိုင်ရေပြင်
(N-Latt ၁၃ ဒီဂရီ ၁၆ မိနစ်မှ N-Latt ၁၄ ဒီဂရီထိ)

(၂) မြိတ်ခရိုင်ရေပြင်
(N-Latt ၁၁ ဒီဂရီ ၃၀ မိနစ်မှ N-Latt ၁၃ ဒီဂရီ ၁၆ မိနစ်ထိ)

(၃) ကော့သောင်းခရိုင်ရေပြင်
(N-Latt ၁၀ ဒီဂရီမှ N-Latt ၁၁ ဒီဂရီ ၃၀ မိနစ်ထိ) ဖြစ်ပါသည်။

( ဇ ) ရေယာဉ်မှူးသည် လုံလောက်သည့်အကြောင်းပြချက် (သို့မဟုတ်) ခွင့်ပြုချက်မရှိဘဲ ခွင့်ပြုရေပြင်/ ငါးဖမ်းကွက်ကျော်လွန်နေလျှင် သတိပေးချက်ရရှိသည့် အချိန်မှစတင်၍ ဌာနကသတ်မှတ်ပေးသည့် အချိန်အတွင်း ခွင့်ပြုရေပြင်/ ငါးဖမ်းကွက်သို့ ရေယာဉ်ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ရမည်။ တစ်နာရီအတွင်း ခွင့်ပြုရေပြင်/ ငါးဖမ်းကွက်သို့ ပြန်လည်ဝင်ရောက်နိုင်ခြင်းမရှိပါက စည်းကမ်းပျက် ခရိုင်ငါးသယ်ရေယာဉ်အဖြစ် အရေးယူခြင်းခံယူရမည်။

( ဈ ) ခရိုင်ငါးသယ်ရေယာဉ်များအား စည်းကမ်းဖောက်ဖျက်သည့်ရေယာဉ်အဖြစ် အရေးယူရာတွင် ဌာနမှအကြောင်းကြားသည့်အချိန်မှစ၍ (၂၄)နာရီအတွင်း သတ်မှတ်ပေးသည့်နေရာ (သို့မဟုတ်) စစ်ဆေးရေးစခန်းသို့ ဝင်ရောက်စစ်ဆေးမှုခံယူရမည်၊ ပြန်လည်ဝင်ရောက်စဉ် လမ်းခရီးတွင် VMS ကိရိယာအား (၂၄) နာရီအမြဲဖွင့်ထားရမည်ဖြစ်ပြီး ငါးဖမ်းဆီးခြင်းနှင့် မိမိရေယာဉ်မှ ငါး၊ ပုစွန်များအား အခြားရေယာဉ်သို့ လွှဲပြောင်းပေးခြင်းလုံးဝမပြုလုပ်ရ။

(ည) ခရိုင်ငါးသယ်ရေယာဉ်သည် ငါးဖမ်းဆီးနေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးသယ်ရေယာဉ်နှင့် ရေယာဉ်ပေါ်ပါပစ္စည်းအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း (ငါးသယ်လိုင်စင်ဖျက်သိမ်းခြင်း) အရေးယူခြင်းခံရမည်။

( ဠ ) တရားမဝင် ငါးဖမ်းလုပ်ငန်းလုပ်ဆောင်နေသည့် နိုင်ငံခြား (သို့မဟုတ်) ပြည်တွင်း ကမ်းဝေး ငါးဖမ်း/ ငါးသယ်ရေယာဉ်များနှင့် ခရိုင်ငါးသယ်ရေယာဉ်များကို တွေ့ရှိပါက တည်နေရာဖော်ပြ၍ ဦးစီးဌာနသို့ သင့်ရာနည်းဖြင့် ချက်ချင်းအကြောင်းကြားရမည်။

၇။ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ရေယာဉ်ပေါ်ရှိ E-MTU/ Transponder (VMS ကိရိယာ)နှင့် VMS Seal များကို ဖြုတ်ယူခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း ရေယာဉ်ပေါ်မှ အခြားရေယာဉ် (သို့မဟုတ်) အခြားနေရာ (သို့မဟုတ်) သတင်းအချက်အလက်ကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း များကိုပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရပါက စည်းကမ်းပျက် ခရိုင်ငါးသယ်ရေယာဉ်အဖြစ် အရေးယူခြင်းခံရမည်။

၈။ VMS စနစ်မှရရှိသည့် သတင်းအချက်အလက်များအရ ယခုညွှန်ကြားချက်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ခရိုင်ငါးသယ်ရေယာဉ်များအား အောက်ဖော်ပြပါ ပြစ်ဒဏ်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) စည်းကမ်းဖောက်ဖျက်မှုသည် ငါးဖမ်းရာသီ (၁) နှစ်အတွင်း ပထမအကြိမ်ဖြစ်ပါက ရေယာဉ်ပေါ်ပါ ငါးမျိုးစုံအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ဒဏ်ကြေးငွေကျပ်သိန်း(၂၀)နှင့် ငါးသယ်လုပ်ငန်းလုပ်ကိုင်ခွင့် (၁) လပိတ်သိမ်းခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက ရေယာဉ်ပေါ်ပါ ငါးမျိုးစုံအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍ ဒဏ်ကြေးငွေကျပ်သိန်း (၃၀) နှင့် ငါးသယ်လုပ်ငန်းလုပ်ကိုင်ခွင့် (၂) လပိတ်သိမ်းခြင်း၊ တတိယအကြိမ်ဖြစ်ပါက ငါးသယ်ရေယာဉ်နှင့် ရေယာဉ်ပေါ်ပါပစ္စည်းအားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း (ငါးသယ်လိုင်စင်ဖျက်သိမ်းခြင်း) ဖြင့် အရေးယူသွားမည်ဖြစ်ပြီး စည်းကမ်းဖောက်ဖျက်မှုအကြိမ်ရေများကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါသည်။

( ခ ) ခရိုင်ငါးသယ်ရေယာဉ်သည် ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားနေစဉ်အတွင်း တည်နေရာသတင်းအချက်အလက်ပေးပို့မှုမရှိပါက (၄) နာရီအတွင်းတည်နေရာသတင်းအချက်အလက်ပြန်လည်ပေးပို့စေရေး ဆောင်ရွက်ရမည်၊ (၄) နာရီထက်ကျော်လွန်၍ တည်နေရာသတင်းအချက်အလက် ပေးပို့မှုမရှိသည့်ရေယာဉ်များအား ဌာနကအသိပေးအကြောင်းကြားသွားမည်ဖြစ်ပြီး သတ်မှတ်ပေးသည့်အချိန် (၁၂) နာရီအတွင်း တည်နေရာသတင်းအချက်အလက် ပြန်လည်ပေးပို့နိုင်ခြင်းမရှိပါက တစ်ရက်လျှင် ဒဏ်ကြေးငွေကျပ် (၃၀၀၀၀)နှုန်းဖြင့် တည်နေရာသတင်းအချက်အလက် ပြန်လည်ပေးပို့သည့်အချိန်ထိ ဆက်တိုက်ပေးဆောင်ရမည်။

( ဂ ) ခရိုင်ငါးသယ်ရေယာဉ်သည် ပင်လယ်ပြင်တွင် ငါးသယ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေစဉ်နှင့် နိုင်ငံခြားသို့ ငါးသွားရောင်းချစဉ်ကာလအတွင်း တည်နေရာသတင်းအချက်

အလက်ပေးပို့မှုမရှိပါက (၄) နာရီအတွင်း တည်နေရာသတင်းအချက်အလက် ပြန်လည်ပေးပို့စေရေးဆောင်ရွက်ရမည်၊ (၄) နာရီထက်ကျော်လွန်၍ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိပါက VMS Control Center ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနများက အကြောင်းကြားသည့်အချိန်မှ (၄၈) နာရီအတွင်း နီးစပ်ရာစစ်ဆေးရေးစခန်း (သို့မဟုတ်) သတ်မှတ်ပေးသည့်နေရာသို့ ပြန်လည်ဝင်ရောက်သတင်းပို့ စစ်ဆေးမှုခံယူရမည်၊ (၄၈) နာရီအတွင်း ဝင်ရောက်စစ်ဆေးမှုခံယူခြင်းမရှိပါက အပိုဒ် ၈၊ စာပိုဒ်ခွဲ (က)ပါ ပြစ်ဒဏ်များအတိုင်း အရေးယူသွားမည်။

၂၃/၁၀/၂၃

**ဝေလင်းမောင်**
**ညွှန်ကြားရေးမှူးချုပ်**

**ခရိုင်ငါးသယ်ရေယာဉ်ပိုင်ရှင်များ**

**.......................................**

စာအမှတ် ၊ ငလ/ နပတ-၄/ ၂၀၂၃ ( ၈၉၇၂ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၄ ရက်
မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ဆေးရေးဌာနခွဲ
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
- တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
- ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့
- ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမ်းမြို့
- အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်မြို့
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်မြို့
- အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ မော်လမြိုင်မြို့
- ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်မြို့
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

- ညွှန်ကြားရေးမှူး(                    )၊ ငါးလုပ်ငန်းဦးစီးဌာန
- တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများအားလုံး(                    )
- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
- မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
- တာဝန်ခံအရာရှိ(စုပေါင်းရုံး)၊ ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ